## ရည်ရွယ်ချက်

ပြည်တွင်းအခွန်များဦးစီးဌာနသည် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ် ၂၀၁၉ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ သက်သာခွင့်ပြုသော အခွန်နှုန်းဖြင့် COVID-19 ဖြစ်ပွားနေစဉ်ကာလအတွင်း အခွန်ထမ်းပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အခွန်ထမ်းဆောင် နိုင်စေရေးအတွက် ရည်ရွယ်ပါသည်။

## ဝင်ငွေကြေညာလွှာတင်သွင်းခြင်း

အခြေပစ္စည်းရရှိပိုင်ဆိုင်ခြင်းအတွက် စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ်၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ သက်သာခွင့်ပြုသော အခွန်နှုန်းဖြင့် အခွန်စည်းကြပ်မှုခံယူမည့် အခွန်ထမ်းများအနေဖြင့် အောက်ပါအထောက်အထားများပူးတွဲ၍ ဝင်ငွေကြေညာလွှာ ပတခ(ဝင)-၁ တင်သွင်းရမည် -

- ❖ မှတ်ပုံတင်/ အိမ်ထောင်စုစာရင်းမိတ္တူ၊
- ❖ အခြေပစ္စည်းပိုင်ဆိုင်မှုအထောက်အထားများ၊ (ဥပမာ - အရောင်းအဝယ်စာချုပ်စသည်)
- ❖ အခွန်ထမ်းထံ ဆက်သွယ်နိုင်မည့် အီးမေးလ်လိပ်စာ (ရှိလျှင်)၊
- ❖ အခွန်ထမ်းအား အမှန်တကယ်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်၊

## ဝင်ငွေကြေညာလွှာဖြည့်သွင်းခြင်း

ဝင်ငွေကြေညာလွှာ ပတခ(ဝင)-၁ ဖြည့်သွင်းရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

- ❖ အမည်နေရာတွင် အခြေပစ္စည်းရရှိပိုင်ဆိုင်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ကိုရေးသားရန်၊
- ❖ အလုပ်အကိုင်သို့မဟုတ် လုပ်ငန်းနေရာတွင်ဆောင်ရွက်ချက်အမျိုးအစား (ဥပမာ- ယာဉ်အမှတ်၊ ယာဉ်အမျိုးအစား၊ မော်ဒယ်အမှတ်ကို ဝယ်ယူခြင်း၊ မြေ၊ အဆောက် အအုံနှင့် တိုက်ခန်းများဝယ်ယူခြင်း၊ ကုမ္ပဏီသို့ အစုရှယ်ယာထည့်ဝင်ခြင်း ) စသည့်ဖြင့် ရေးသားရန်၊
- ❖ လိပ်စာအပြည့်အစုံနေရာတွင် မြေ၊ အဆောက်အအုံနှင့် တိုက်ခန်းများဖြစ်ပါက အခြေပစ္စည်းတည်နေရာ လိပ်စာအပြည့်အစုံ/ ယာဉ်နှင့် အစုရှယ်ယာဖြစ်ပါက အခြေပစ္စည်းရရှိပိုင်ဆိုင်သူ၏ လိပ်စာအပြည့်အစုံကို ရေးသားရန်၊
- ❖ အပိုဒ်(၁) တွင် ၁ -၁၀-၂၀၁၉ မှ ၃၀-၉-၂၀၂၀ ရက်နေ့အထိ ကာလအား ဖြည့်သွင်းရန်၊
- ❖ အပိုဒ်(၁) အပိုင်း(က)၊ အမှတ်စဉ်(၆)၏ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ၏ ဝင်ငွေစာတိုင်တွင် ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေအား နုတ်ပယ်ပြီး စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေကိုသာ ရေးသားရန်၊
- ❖ အပိုဒ် (၂)၊ အပိုင်း(က) ဝင်ငွေနှစ်အတွင်း ပေးသွင်းပြီးသည့် ဝင်ငွေခွန်တွင် အခြေပစ္စည်း ရရှိပိုင်ဆိုင်ခြင်းအတွက် ကြိုတင်ပေးသွင်းထားသည့် ဝင်ငွေခွန်ကို ရေးသားရန် (ရှိလျှင်)၊
- ❖ အပိုဒ်(၂) အပိုင်း(ခ)မှ အပိုဒ် (၄)ထိ ရေးသားရန်မလို၊
- ❖ ဝန်ခံချက်များ အပိုဒ်(၁) တွင် ၁-၁၀-၂၀၁၉ မှ ၃၀-၉-၂၀၂၀ ရက်နေ့အထိ ကာလအား ရေးသားရန်၊
- ❖ ဝန်ခံချက်များ အပိုဒ် (၂) အား ရေးသားရန်မလို၊
- ❖ အခွန်ထမ်း၏ လက်မှတ်နေရာတွင် အခြေပစ္စည်း ရရှိပိုင်ဆိုင်သူ အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးရန်
- ❖ ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲစာတင်ပြ၍ ကိုယ်စားလှယ်၏ လက်မှတ်၊ အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ အလုပ်အကိုင်/ ရာထူးတာဝန်အား ရေးသားဖော်ပြရန်၊
- ❖ နေ့စွဲနေရာတွင် ဝင်ငွေကြေညာလွှာ တင်သွင်းသည့် နေ့စွဲ ရေးသားရန်၊

## ကြေညာလွှာ တင်သွင်းရမည့်အချိန်နှင့် နေရာ

အခြေပစ္စည်းရရှိပိုင်ဆိုင်ခြင်းအတွက် စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် အခွန်ထမ်းဆောင်မည့် အခွန်ထမ်းများပြည်သူများအနေဖြင့် **အခြေပစ္စည်းတည်ရှိရာအခွန်ရုံး သို့မဟုတ် မိမိနေထိုင်ရာမြို့နယ်ရှိ သက်ဆိုင်ရာအခွန်ရုံး** သို့ ၃၀- ၉- ၂၀၂၀ ရက်နေ့နောက်ဆုံးထား၍ ဝင်ငွေကြေညာလွှာ ပတခ(ဝင) -၁ ကို တင်သွင်းရမည်။

## ငွေသွင်းချလန်ထုတ်ပေးခြင်း

၃၀- ၉- ၂၀၂၀ ရက်နေ့နောက်ဆုံးထား၍ တင်သွင်းလာသည့် ဝင်ငွေကြေညာလွှာ ပတခ(ဝင) -၁ ၏ လက်ခံဖြတ်ပိုင်း ရရှိပြီးပါက ငွေသွင်းချလန်အား လူကိုယ်တိုင် စောင့်ဆိုင်းစရာမလိုတော့ပါ။ ၃၀- ၁၂- ၂၀၂၀ ရက်နေ့အထိ စိစစ်မှုများဆောင်ရွက်၍ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ အခြား အီလက်ထရောနစ်နည်းဖြင့် သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဆက်သွယ်၍ ငွေသွင်းချလန်များ ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ယင်းသို့ တင်သွင်းလာသည့် အခွန်ထမ်းများအနေဖြင့် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ သက်သာခွင့်များကိုခံစားရမည် ဖြစ်ပါသည်။



## အခွန်ပေးသွင်းခြင်း

အခွန်ထမ်းပြည်သူများအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးမှ အခွန်တောင်းခံလွှာနှင့်အတူ ငွေသွင်းချလန်များ ဆက်သွယ်ပေးပို့လာပါက COVID – 19 ဖြစ်ပွားနေစဉ်ကာလအတွင်း အခွန်ထမ်းပြည်သူများဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ၃၀- ၁၂- ၂၀၂၀ ရက်နေ့အထိ ကာလအတွင်း အခွန်ပေးသွင်းနိုင်ပါသည်။




## ကျေးဇူးတင်လွှာ

နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်များကို ဥပဒေနှင့်အညီ ပေးဆောင်ကြပါသော အခွန်ထမ်းများနှင့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြသော လုပ်ငန်းရှင်များအား အထူး ကျေးဇူးတင်ရှိပါသည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (ရန်ကုန်)၊ ဖုန်း -၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ဖုန်း-၀၂-၄၀၃၀၁၉၂ သို့မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## COVID -19 ဖြစ်ပွားနေသည့် ကာလအတွင်း စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ သက်သာသော အခွန်နှုန်းဖြင့် အခွန်စည်းကြပ်ခြင်း




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

**https://www.ird.gov.mm**

“ Tax by the Law, Service by our Heart ”